# ပဋိဇီဝဆေးစနစ်တကျကိုင်တွယ်ထိန်းချုပ်ရန် သင်၏အကူအညီ လိုအပ်ပါသည်။

တိရစ္ဆာန်အစာထုတ်လုပ်သူများ

ပဋိဇီဝဆေးများသည် လူနှင့်တိရစ္ဆာန်များတွင် ကူးစက်ရောဂါပိုးများကို ကာကွယ်ကုသရန် မရှိမဖြစ်လိုအပ်သောဆေးဝါးများဖြစ်ပါသည်။

သို့သော် အဆိုပါဆေးဝါးများ၏ ထိရောက်မှု အာနိသင်သည် ကျဆင်းလျက်ရှိသည်။

- ထိုကဲ့သို့ တန်ဖိုးရှိဆေးဝါးများကို စည်းကမ်းမဲ့သုံးစွဲလိုက်တိုင်း ရောဂါပိုးမွှားများ၏ ဆေးယဉ်ပါးမှုအန္တရာယ်သည် လည်း ကြီးထွားလာမည်ဖြစ်ပါသည်။ ဘက်တီးရီးယားပိုးမွှားများသည် ဆေးယဉ်ပါးမှုဖြစ်ပွားပါက ပဋိဇီဝဆေးဝါး များ၏ ထိုဘက်တီးရီးယားပိုးများအပေါ်ထိရောက်မှုအာနိသင်မရှိတော့ဘဲ ရောဂါများကို ကုသ၍မရနိုင်တော့ပါ။ ဤဖြစ်စဉ်ကို ပဋိဇီဝဆေးယဉ်ပါးမှုဟုခေါ်ပါသည်။
- resistanceပဋိဇီဝဆေးယဉ်ပါးမှုသည် လူသား၊ တိရစ္ဆာန်၊ ရေနေသတ္တဝါနှင့် ကုန်းနေရေသတ္တဝါများ၏ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာအတွက် ခြောက်လှန့်မှုတစ်ရပ်ဖြစ်ပါသည်။
  သို့သော် ပဋိဇီဝဆေးအသစ်များဖော်စပ်ခြင်းသည် ် ပဋိဇီဝဆေးယဉ်ပါးမှုမြင့်တက်လာသလောက် ဖွံ့ဖြိုး တိုးတက်မှု လိုက်မမီနိုင်သေးပါ။
- ထုတ်လုပ်ပြီးသော ပဋိဇီဝဆေးအုပ်စုများ၏ အာနိသင်ဆက်တက်တည်မြဲ ထိရောက်စေရေးနှင့် ပဋိဇီဝဆေးအသစ်များထုတ်လုပ်ခြင်းဖွံ့ဖြိုးတိုးတက်မှုသည် တိရစ္ဆာန်များ၏ ကျန်းမာရေး နှင့် ကောင်းကျိုးချမ်းသာအတွက် အလွန်အရေးကြီးပါသည်။
- အဆိုပါတန်ဖိုးရှိဆေးဝါးများကို ကမ္ဘာတိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာစံသတ် မှတ်ချက်များ အတိုင်း စဉ်းစားချင့်ချိန် အသုံးပြုရန်စီမံကွပ်ကဲမှုခြင်းဖြင့် အဆိုပါ ဆေးဝါးများ၏ အာနိသင်ထိရောက်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။



ကျွန်ုပ်တို့အားလုံးက
သင့်ကို
လိုအပ်နေပါတယ်

“ကျွန်ုပ်တို့အားလုံးတွင် ဆေးယဉ်ပါးမှုပြဿနာအတွက်တာဝန် ကိုယ်စီ ရှိကြီးပြီး(သင်) ပဋိဇီဝဆေးများပါဝင်သော တိရစ္ဆာန်အစာ ထုတ်လုပ် သူ အနေဖြင့် ကူညီဖြေရှင်းနိုင်ပါသည်။”

For more information: **www.oie-antimicrobial.com**

# တိရစ္ဆာန်အစာထုတ်လုပ်သူများ
# သင်တို့သည် ကြားခံများဖြစ်ပါသည်။

တိရစ္ဆာန်အစာထုတ်လုပ်သူများ

- တိရစ္ဆာန်အစာထုတ်လုပ်သူများသည် ပဋိဇီဝဆေးဝါးများ၏အာနိသင်နှင့်ရရှိမှုကို ထိန်းသိမ်းရန် အဓိကအခန်းကဏ္ဍတရပ်အဖြစ်ပါဝင်သည်။ ပဋိဇီဝဆေးများပါဝင်သော တိရစ္ဆာန်အစာများကို တိရစ္ဆာန်ဆေးကုဆရာဝန်၏ ဆေးညွှန်းစာစနစ်ဖြင့် ကန့်သတ်ရောင်းချခြင်းဖြင့် ပဋိဇီဝဆေးယဉ်ပါးမှုကို ဖြစ်စေသည့် ဆေးများလွဲမှားစွာသုံးစွဲခြင်း၊ သတ်မှတ်ချက်ထက်ပိုမို သုံးစွဲခြင်းများကို ဟန့်တားနိုင်သည်။
- ပဋိဇီဝဆေးများပါဝင်သော တိရစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများသည် ပဋိဇီဝဆေးယဉ်ပါးမှုကို တိုက်ဖျက်ရန် အကောင်းဆုံးလမ်းညွှန်ချက်များကို လိုက်နာသင့်သည်။
- ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးသည်တိရစ္ဆာန် အစာထုတ်လုပ်သူများ၏တာဝန်ပင်ဖြစ်သည်။
- သင်၏ဦးဆောင်မှုနှင့်လွှမ်းမိုးမှုများသည် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးလှုပ်ရှားမှု၊ ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်ပိုင် နိုင်မှုနှင့် တစိုက်မတ်မတ်ဆောင်ရွက်လျက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းများတွင် အဓိက မဏ္ဍိုင်ဖြစ်သည်။

## ပဋိဇီဝဆေးများပါဝင်သောတိရစ္ဆာန်အစာဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်သူများသည်

၁ ပဋိဇီဝဆေးများပါဝင်သောတိရစ္ဆာန်အစာများကို ခွင့်ပြုချက်ရယူပြီးထုတ်လုပ်ခြင်းအတွက်တရားဝင်သတ်မှတ်ချက်များကို လိုက်နာကာ ထုတ် လုပ်သင့်သည်။

၂ တရားဝင်ခွင့်ပြုထားသော ပဋိဇီဝဆေးများကိုသာ အသုံးပြုသင့်သည်။ တိရစ္ဆာန်ဆေးကုဆရာဝန်၏ညွှန်ကြားချက် (သို့မဟုတ်) အစာစပ်ဆေးများအတွက် တရာဝင်ခွင့်ပြုထားသည့်အညွှန်းအတိုင်းသုံးရမည့် အစာ၊ ပမာဏ၊ တိုက်ကျွေးမည့် တိရစ္ဆာန်မျိုးစိပ်များ အတိုင်းလိုက်နာ၍ တရားဝင်ခွင့်ပြုထားသော ပဋိဇီဝဆေးများကိုသာ သုံးစွဲသင့်သည်။

၃ ပဋိဇီဝဆေးဝါးသုံးတိရစ္ဆာန်အစာများတွင် ဘေးဥပါဒ်အန္တရာယ်ဖြစ်စေသောပစ္စည်းများ ပါဝင်စေ ခြင်းမရှိရမည့်အပြင် ပဋိဇီဝဆေးဝါး မပါဝင်သော အစာများနှင့် ထိတွေ့ရောနှောခြင်းမှလည်း ကာကွယ်သင့်သည်။

၄ တိရစ္ဆာန်အစာနှင့်ပဋိဇီဝဆေးများ တသားတည်းညီမျှစွာ ပါဝင်ပျံ့နှံ့စေရန် သင့်လျော်စွာ ရောစပ်ရမည်ဖြစ်ပြီး သန့်ရှင်းသပ်ရပ်စေရန်အတွက် အကောင်းဆုံးထုတ်လုပ်မှုကျင့်စဉ်ကို အကောင်အထည်ဖော်သင့်သည်။

၅ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်ပါမှသာ မွေးမြူသူများသို့ အစာရောင်းချသင့်သည်။

၆ သင့်လျော်သော အညွှန်းစာ(ဆေးဝါးအဆ၊ ထောက်ခံခွင့်ပြုချက်၊ ရည်ရွယ်သည့် တိရစ္ဆာန်၊ သတိပေးချက်) နှင့်အတူ ထုတ်ကုန်၏အသေးစိတ်အချက်အလက် (ပါဝင်ပစ္စည်းနှင့်ပါဝင်နှုန်း), အသုံးပြုပုံနှင့် ဆေးဖြတ်ကာလတို့ကို ဖော်ပြသင့်သည်။

၇ ပြဿနာတစ်စုံတစ်ခုပေါ်ပေါက်လာပါက နောက်ကြောင်း ပြန် ခြေရာခံရန် မှတ်တမ်းများ ထားရှိသင့် သည်။

၈ သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပြီး ပဋိဇီဝဆေးအသုံးပြုမှုကို စောင့်ကြည့်အကဲခတ်နိုင်ရန် ဖြန့်ဖြူးရောင်းချမှု အချက်အလက်များကို မျှဝေသင့်သည်။






Funded by UK Government

WORLD ORGANISATION FOR ANIMAL HEALTH
Protecting animals, preserving our future